# မီဒီယာဥပဒေဆောင်ရန်နှင့်ရှောင်ရန်များ

## ဆောင်ရန်များ

- သတင်းစာဆရာများ၏လွတ်လပ်စွာပြောဆိုခွင့်ကိုကာကွယ်ပေးပါ။
- မီဒီယာလုပ်ငန်းများအားကြိုတင်စိစစ်ဖြတ်တောက်ခြင်းနှင့် သတင်းစာများအားအုပ်ချုပ်မှုအရချုပ်ကိုင်ခြင်းကိုတားမြစ်ပါ။ထိုစည်းကမ်းများကိုတမင်တကာချိုးဖောက်သူများအားအရေးယူရန်ဥပဒေများပြဌာန်းပါ။
- သတင်းစာဆရာများအနေဖြင့်၎င်းတို့၏သတင်းရင်းမြစ်များအားလျှို့ဝှက်ထားပိုင်ခွင့်ကိုအာမခံချက်ပေးပါ။
- သတင်းစာဆရာများအနေဖြင့်သမဂ္ဂများနှင့်၎င်းတို့၏အကျိုးစီးပွါးများကိုပိုမိုတိုးတက်စေမည့်အခြားအဖွဲ့အစည်းများဖွဲ့စည်းခွင့်ကိုအာမခံချက်ပေးပါ။
- သတင်းစာဆရာများအနေဖြင့် ခမ္မမိဌာန်ကျသည့်စံများအပေါ်အခြေခံထားသည့် တရားမျှတသောတရားဝင်အသိအမှတ်ပြုမှုစံနစ်မှတဆင့် လွှတ်တော်နှင့်တရားရုံးများကဲ့သို့သော ကန့်သတ်နယ်မြေများသို့ဝင်ရောက်ခွင့်အသေအချာရအောင်လုပ်ဆောင်ပါ။
- မီဒီယာကြောင့်၎င်းတို့၏တရားဝင်အခွင့်အရေးများချိုးဖောက်ခံရသူများအား အမှားပြင်ဆင်ချက်နှင့် ပြန်လည်တုန့်ပြန်ခွင့်အခွင့်အရေးများမှတဆင့် နစ်နာမှုကိုလျော်ကြေးပေးပါ။
- အထက်တွင်ဖော်ပြခဲ့သည့်အချက်များနှင့်ဝိရောဓိဖြစ်နေသည့် စည်းမျဉ်းများပါဝင်သောအခြားဥပဒေများမှ ပြဌာန်းချက်များကိုရုပ်သိမ်းပါ။

## ဖြစ်နိုင်ခြေရှိသည်များ

- မီဒီယာများအတွက်ကျင့်ဝတ်စည်းမျဉ်းဖွံ့ဖြိုးအောင်လုပ်ဆောင်ရန်နှင့် ကျင့်ဝတ်ချိုးဖောက်မှုနှင့်ပတ်သက်၍တိုင်ကြားလာပါကကြားနာပေးမည့်လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အား ထူထောင်ပါ။ထိုအဖွဲ့အစည်းတွင်အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ကိုမီဒီယာအဖွဲ့များကထိန်းချုပ်ထားရမည်။သင့်လျော်သည့်အခါများတွင် မီဒီယာများနေဖြင့်ကျင့်ဝတ်များချိုးဖောက်မိကြောင်းအသိအမှတ်ပြုသည့်ကြေညာချက်များကိုထည့်သွင်းရန်အမိန့်ပေးနိုင်သည့်အခွင့်အာဏာ ထိုအဖွဲ့အစည်းတွင်ရှိစေရမည်။
- စည်းမျဉ်းများကမှတ်ပုံတင်ခြင်းကိုငြင်းပယ်ခြင်းမျိုးမဖြစ်စေသမျှနှင့် အထူးတလည်ခက်ခဲခြင်းမျိုးမဖြစ်စေသမျှ ပုံနှိပ်မီဒီယာအပေါ်တွင်လုပ်ထုံးလုပ်နည်းအရမှတ်ပုံတင်ရန်လိုအပ်ချက်ကိုပြဌာန်းခြင်း။

**ရှောင်ရန်များ**

- မီဒီယာပါအကြောင်းအရာနှင့်ပတ်သက်၍ တရားမမှုသို့မဟုတ် ရာဇဝတ်မှုပုံစံကဲ့သို့သော စည်းမျဉ်းများ ပြဋ္ဌာန်းခြင်း၊
- သတင်းစာဆရာများအနေဖြင့် သမဂ္ဂတစ်ခုခုသို့မဟုတ်အဖွဲ့အစည်းတစ်ခုခုသို့ဝင်ရောက်ရန်တာဝန် သတ်မှတ်ပြဋ္ဌာန်းခြင်း၊
- သတင်းစာဆရာလုပ်မည့်သူ သို့မဟုတ်အယ်ဒီတာ သို့မဟုတ်ပိုင်ရှင်အပေါ်စည်းကမ်းချက်များသတ်မှတ်ခြင်း၊
- အင်တာနက်အပေါ်တွင် မီဒီယာပုံစံထိန်းချုပ်မှုများပြဋ္ဌာန်းခြင်း၊
- တောင်းဆိုသူများ၏တရားဝင်အခွင့်အရေးများချိုးဖောက်ခံရသည့်ဖြစ်ရပ်များထက်ပိုလွန်၍တုန့်ပြန်ခွင့် ပေးခြင်း၊
- ပုံနှိပ်မီဒီယာအတွက်လိုင်စင်စံနစ် သို့မဟုတ် သတင်းစာဆရာများအတွက်လိုင်စင်သို့မဟုတ်မှတ်ပုံတင် ခြင်းစံနစ်ပြဋ္ဌာန်းခြင်း၊
- အစိုးရနှင့်မလွတ်ကင်းသည့်စည်းကမ်းထိန်းချုပ်ရေးဆိုင်ရာအဖွဲ့များဖွဲ့စည်းခြင်း သို့မဟုတ် မီဒီယာတွင် ဝင်ရောက်စွက်ဖက်နိုင်သည့်တရားဝင်အခွင့်အာဏာပေးထားခြင်း၊
- မီဒီယာလုပ်ငန်းများအပေါ်အဖွဲ့တွင်းဖွဲ့စည်းပုံများအထူးတလည်ပြဋ္ဌာန်းခြင်း၊
- အရေးပေါ်အခြေအနေများအတွင်းမီဒီယာလုပ်ငန်းများကိုသိမ်းပိုက်ခြင်း သို့မဟုတ် မီဒီယာလုပ်ငန်းများ အနေဖြင့်နိုင်ငံရေးသမားများ၏ထုတ်ပြန်ချက်များကိုလွှင့်ထုတ်ဖော်ပြရန်လိုအပ်ခြင်းများ၊